| | | |
|---|---|---|
| ၁။ နတ်နွယ် | ဂလိုဘယ်အိုင်ဒီယာ | ၁ |
| ၂။ မောင်ဝံသ | ဘီလ်ဂိတ်၏ ယနေ့ခေတ် ပညာရေးအမြင် | ၇ |
| ၃။ သစ္စာနီ | လူငယ်နှင့် ဂလိုဘယ်လိုက်ဇေးရှင်း | ၁၉ |
| ၄။ အောင်ဇင်မင်း | ခရီးသွား (သို့မဟုတ်) ထောင့်တစ်ထောင့်မှ ထွက်ခွာခြင်း | ၂၅ |
| ၅။ ချစ်ဦးညို | ရှိခြင်း၊ ရှင်းခြင်း၊ ပွင့်ခြင်း ဂလိုဘယ်အိုင်ဒီယာ | ၃၅ |
| ၆။ ကိုတာ | အင်ပါယာလား မြေပထီလား | ၄၇ |
| ၇။ ဒေါက်တာခင်မောင်ညို | အနာဂတ်ကို ရှာဖွေတွေ့ရှိခြင်း | ၅၇ |
| ၈။ ကျော်ဝင်း | အိုင်ဒီယာခေတ် | ၆၃ |
| ၉။ တိုးကျော်လှိုင် | အိပ်မက်ခရီး | ၇၇ |
| ၁၀။ ရဲထွန်းအောင် | လူငယ်များနဲ့အမြင် | ၈၇ |


# စီစဉ်သူစကား

ငယ်စဉ်ကရေးခဲ့ကျက်ခဲ့ဖူးတဲ့ ESSAY လေးတွေကို ပြန်စဉ်းစားလိုက်မိပါတယ်။ ESSAYလေးတွေ ရေးခဲ့ကျက်ခဲ့ဖူးတဲ့အချိန်မတိုင်ခင် လက်ရေးလှမှူဉ်းပေါ်မှာ အက္ခရာစာလုံးလေးတွေ က၊ ခ၊ ဂ၊ ဃ၊ A.B.C.D 1.2.3.4 စသဖြင့် ရေးခဲ့တာ လည်း မှတ်မိနေတယ်။ ESSAY လေးတွေရေးတဲ့ အချိန်မှာ ပထမဆုံးလို့ထင်ရတဲ့ Essay ကတော့ My Self ဖြစ်မယ်။ အဲဒီတုန်းက ကျွန်တော်တို့ ပါဝင်ပတ်သတ်ရတာက သိပ်မကျယ်ပြန့်သေးဘူး။ **ဒါကလေးဘဝ ။**

နောက်အလယ်တန်းကျောင်းသား။ My Friend, My parent, My School. ဒီ Title တွေက အဲဒီကာလအတွက် ကျွန်တော်တို့ပတ်ဝန်းကျင် ကျွန်တော်တို့ကမ္ဘာဖြစ်နေလိမ့်မယ်။

ဒီထက်အရွယ်ရောက်လာတော့ My Native Town, My Country စသဖြင့် ကျယ်ပြန့်လာတယ်။ ကျွန်တော်ပြောချင်တာက Essay မဟုတ်ပါဘူး။ Thinking တွေးခေါ်စဉ်းစားမှုကို ရည်ညွှန်းတာပါ။ ကျွန်တော်တို့ လူငယ်တွေရဲ့ အသိဉာဏ် စဉ်းစားမှု၊ ဆင်ခြင်မှုတွေက အသက်အရွယ်ကြီး ထွားနှုန်းနဲ့တပြိုင်နက် ကျယ်ပြန့်လာသင့်တယ်။

အဲဒီအတွက် ကျွန်တော်တို့လူငယ်တွေဟာ ကိုယ်နေထိုင်ရာပတ်ဝန်းကျင် ကိုယ့်အသိုင်းအဝိုင်း··· စသဖြင့် ရှိနေတဲ့နေရာဒေသ၊ အတွေးအခေါ်တွေလောက်နဲ့သာရပ်တန့်မနေသင့်ဘူး။ ကမ္ဘာနဲ့ရင်ဘောင်တန်းချင်တယ်ဆိုရင်တော့ ကျဉ်းမြောင်းမှုတွေကို ဖယ်ရှားပြီး ကျယ်ပြန့်တဲ့ Global အတွေးအခေါ် မြင့်မြတ်တဲ့စိတ်ဓာတ် အပြည့်အဝရှိသင့်တယ်။ Living Local, Thinking Global.

တွေးခေါ်စဉ်းစားတာတွေတင်မဟုတ်ဘဲ လက်တွေ့ကျကျ Apply လုပ်ကိုင်ခွင့်လည်း ရှိသင့်ပါတယ်။ ရှိအောင်လည်း ကြိုးစားထားရပါမယ်။ ကိုယ်ကိုယ်တိုင် ကိုယ့်မိသားစု၊ ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည် · · · စသည်များအတွက် ကျယ်ပြန့်သောအတွေးအခေါ် · · · ငြိမ်းချမ်းသော လုပ်ကိုင်ခွင့် လူငယ်များပိုင်ဆိုင်နိုင်ခွင့်ရနိုင်ရန်အတွက် **လူငယ်များသို့ · · · ဂလိုဘယ်အိုင်ဒီယာကို** ကြိုးပမ်းစုစည်းထားခြင်းဖြစ်ပါတယ်။

တာအုပ်ဖြင့် လူငယ်များရလာဒ်ကောင်းများရရှိနိုင်ပါစေ။

အံ့ဘွယ်ဇင်
(နိမိတ်သစ်စာပေ)
၇-၅-၂၀၀၆ (စနေနေ့)